KNU Concerned Group

**<u>မူတြော်ခရိုင်၊ ဒွယ်လိုမြို့နယ်၊ ပိုလိုးထရွာသူ နော်မူနော်အား မြန်မာ့တပ်မတော်မှ အကြောင်းမဲ့ပစ်သတ်မှု အပေါ် KNU Concerned Group ၏ သဘောထားထုတ်ပြန်ချက်</u>**

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ(၂၀)ရက်

၁။ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ(၁၆)ရက်နေ့တွင် စကခ(၈)လက်အောက်ခံ၊ ခြေမြန်တပ်ရင်း(ခမရ-၄၀၉)မှတပ်သားနှစ်ဦးတို့သည် ခိုသွီးထာ(လှုဂွန်းပျို)ကျေးရွာအခြေစိုက်စခန်းမှထွက်လာကာ ဖာပွန်ခရိုင်၊ ဒွယ်လိုမြို့နယ်၊ ပိုလိုးထာရွာသူ နော်မုနော်အသက်(၄၀)နှစ်အား အကြောင်းမဲ့ပစ်သတ်သွားပြီး လက်ဝတ်ရတနာများချွတ်ယူသွားခဲ့သည့်အပေါ် လုံးဝကန့်ကွက်ရှုတ်ချပါသည်။

၂။ မြန်မာ့တပ်မတော်မှ ထိုကဲ့သို့ တိုင်းရင်းသားပြည်နယ်ဒေသများရှိ ပြည်သူလူထုများအပေါ် မတရားညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်ခြင်း၊ အကြောင်းမဲ့လူသတ်ခြင်း၊ မုဒိမ်းပြုကျင့်ခြင်း၊ အတင်းအဓမ္မ၏ပစ္စည်းများလုယူခြင်းစသည့် ၎င်းတို့၏လုပ်ရပ်များကို ခေတ်အဆက်ဆက်တွင် မကြာမကြာ ပြုလုပ်နေလျက်ရှိသည်။ ယခုနှစ်အတွင်းတွင်လည်း ထိုကဲ့သို့သော ရာဇဝတ်မှုဖြစ်ရပ်မျိုးများကို ကရင်၊ ရှမ်း၊ ကချင်နှင့်ရခိုင်တိုင်းရင်းသားပြည်နယ်များတို့တွင် မကြာမကြာ ကျူးလွန်နေလျက်ရှိပါသည်။

၃။ မြန်မာ့တပ်မတော်၏ရာဇဝတ်မှုကျူးလွန်မှုများသည် တိုင်းရင်သားပြည်နယ်ဒေသများအတွင်း နှစ်ပေါင်းရှည်ကြာစွာ စစ်ဆင်ရေးလက်နက်သဖွယ် ကျင့်သုံးကျူးလွန်လာခဲ့ပြီးဖြစ်ကာ ပြည်တွင်းတရားစီရင်မှုစနစ်ဖြင့် အရေးယူရန်မှာ မည်သို့မျှပင် ထိရောက်စွာ တားဆီးဟန့်တားနိုင်မည်မဟုတ်ချေ။

၄။ သို့ဖြစ်ပါ၍ မြန်မာ့တပ်မတော်၏မတရားညှင်းပန်းနှိပ်စက်အနိုင်ကျင့်ခြင်း၊ အကြောင်းမဲ့လူသတ်ခြင်း၊ မုဒိမ်းပြုကျင့်ခြင်း၊ ပြည်သူလူထုများ၏ပစ္စည်းများအား အတင်းအဓမ္မရယူခြင်းများရပ်တန့်သွားနိုင်ရန်နှင့် ထိရောက်စွာ အရေးယူတားဆီးဟန့်တားနိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော Amnesty International (AI) နှင့် Human Right Watch(HRW)တို့ကဲ့သို့သော အဖွဲ့အစည်းများမှ စုံစမ်းစစ်ဆေးမှုများပြုရန် တောင်းဆိုအပ်ပါသည်။

၅။ ထို့အပြင် ကရင်အမျိုးသားများအား အကာအကွယ်ပြုနေသော ကရင့်တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများ၊ ကရင်နိုင်ငံရေးပါတီများ၊ ကရင်လူမှုအဖွဲ့အစည်းများနှင့်ကရင်ပြည်သူလူထုတစ်ရပ်လုံးမှ အမှန်တရားဖော်ဆောင်နိုင်ရေးနှင့်ရာဇဝတ်မှုကျူးလွန်မှုများအား ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် အဖက်ဖက်မှ ဝိုင်းဝန်းဖိအားပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်-**

၁။ နော်စီဖိုးရာစိန် - (+၆၆) ၆၁၃-၄၈၀၀-၆၇

၂။ စောနယ်ဒါးမြ - (+ ၆၆) ၉၅၆ ၈၄၃၆-၅၀